မြို့နယ်စည်ပင်
သဲကုန်း

# မြို့ နယ် စည် ပင် သာ ယာ ရေး အ ဖွဲ့
## သဲ ကုန်း မြို့
## အရပ်ရပ်အခွင့်အရေးလိုင်စင်များရောင်းချမည့်
## ကြော်ငြာစာအမှတ် ( ၁ /၂၀၂၃)
(ပထမအကြိမ်)

၁၃၈၄ ခုနှစ် တပို့တွဲ လ ၂ ရက်

(၂၀၂၃ ခုနှစ် ဇန်နဝါရီ လ ၂ ရက်)

၁။ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ် အတွက် သဲကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အရပ်ရပ်အခွင့်အရေးလိုင်စင်များအား အညီအမျှခွဲဝေချထားပေးခြင်းစနစ်ဖြင့်လည်းကောင်း၊သက်တမ်းတိုးစနစ်ဖြင့်လည်းကောင်း၊ ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း ရောင်းချနိုင်ရေးအတွက် အောက်ပါအစီအစဉ်အတိုင်း သဲကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ လေလံရောင်းချသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည် -

| | | | |
|---|---|---|---|
| (က) | အရပ်ရပ်အခွင့်အရေးလိုင်စင်များ-ရောင်းချမည့်နေ့ရက်များ | - | (၁၇-၁-၂၀၂၃) အင်္ဂါနေ့ (ပထမအကြိမ်) |
| | | - | (၂၄-၁-၂၀၂၃) အင်္ဂါနေ့ (ဒုတိယအကြိမ်) |
| | | - | (၂-၂-၂၀၂၃) ကြာသပတေးနေ့ (တတိယအကြိမ်) |
| | | - | (၉-၂-၂၀၂၃) ကြာသပတေးနေ့ (ချိတ်ပိတ်တင်ဒါ) |
| | | - | (၁၆-၂-၂၀၂၂) ကြာသပတေးနေ့ (အခြားနည်း) |
| (ခ) | ရောင်းချမည့်အချိန် | - | နံနက် (၁၀း၀၀)နာရီ |
| (ဂ) | ရောင်းချမည့်နေရာ | - | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊သဲကုန်းမြို့ |

၂။ အရပ်ရပ်အခွင့်အရေးလိုင်စင် လေလံဆွဲဝယ်လိုသူသည် လိုင်စင်လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများအား တပါတည်းပူးတွဲတင်ပြရမည် -

(က) နိုင်ငံသားစီစစ်ရေးကဒ်၊

(ခ) လဝကအိမ်ထောင်စုလူဦးရေပုံစံ (၆၆/၆)၊

(ဂ) အခွန်၊အခများကင်းရှင်းကြောင်း ထောက်ခံချက်၊

(ဃ) စားပွဲတင် အာမခံငွေပေးသွင်းထားသည့် အထောက်အထားငွေထုတ်ယူခွင့်အမိန့် (POP) (Payment Order Private)

(င) လျှောက်ထားသူသည် အမည်ပေါက်အရှုပ်အရှင်းအပေါင်အနှံကင်းရှင်းသည့် သက်ဆိုင်ရာလိုင်စင်တစ်ခုချင်းစီအတွက် သတ်မှတ်ကြမ်းခင်းဈေး တန်ဘိုးထက်လျော့နည်းခြင်းမရှိသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်း (အဆောက်အဦး၊အိမ်၊မြေနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားများ(အဆောက်အဦး၊အိမ်မြေ၊ဂရန်(မူရင်း) )

(စ) မြေ၊အဆောက်အဦးပိုင်ဆိုင်ကြောင်းသက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးထောက်ခံချက်၊ဆွဲဝယ်မည့်သူပိုင် ငွေစုလက်မှတ်မူရင်း၊ငွေစုစာအုပ်မူရင်းများ၊ အာမခံတင်သွင်းသည့် အိမ်၊ ခြံ၊ မြေ၏ရှေ့/နောက်/ဝဲ၊ယာအလား (၄)ဖက်ဓါတ်ပုံ(၄)ပုံ

(ဆ) သက်ဆိုင်ရာရဲစခန်းမှ ပြစ်မှုကင်းရှင်းကြောင်းနှင့်အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံချက်၊

(ဇ) သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ "တန်ဘိုးဖြတ်စိစစ်ရေးအဖွဲ့"၏ စိစစ်တင်ပြချက်အပေါ် အမှုဆောင်အရာရှိ ထောက်ခံချက်ပါ မြေ/အိမ်/အဆောက်အဦး၏ကာလတန်ဘိုးစိစစ်ချက်၊

(ဈ) သားသတ်လိုင်စင်လျှောက်ထားသူသည် မြို့ရွာလူနေရပ်ကွက်၊ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းနှင့်ဝေးသော ရေအလုံအလောက်ရရှိနိုင်သော၊လုံခြုံသော၊ဝန်းခြံအကာအရံရှိသော သားသတ်ရုံအဖြစ်ဆောင်ရွက်မည့် မြေနေရာ အလုံအလောက်ပိုင်ဆိုင်မှုရှိကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊

(ည) ပဲခူးတိုင်းဒေသကြီးအတွင်း အခြားမြို့နယ်မှလာရောက်၍ လိုင်စင်ဆွဲဝယ်မည့်သူနှင့်ပဲခူးတိုင်းဒေသကြီးပြင်ပမှ လာရောက်လိုင်စင်ဆွဲဝယ်သူဖြစ်ပါက မရွှေ့မပြောင်းနိုင်သော ပစ္စည်း၊အိမ်၊ခြံ၊မြေပိုင်ဆိုင်မှုအထောက်အထားတင်ပြရာတွင် ၎င်းအိမ်၊ခြံ၊မြေတည်ရှိရာ မြို့နယ်မှမြို့နယ်အမှုဆောင်အရာရှိ၏ ထောက်ခံချက်၊၎င်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့တန်ဖိုးဖြတ်အဖွဲ့၏ စိစစ်တင်ပြချက်အပေါ် အမှုဆောင်အရာရှိ၏ ထောက်ခံချက်နှင့်အတူ ပူးတွဲတင်ပြရမည်။

၃။ အောက်ပါပုဂ္ဂိုလ်များအား လေလံဆွဲဝယ်ခွင့်ပြုမည်မဟုတ်ပါ။

(က) နာမည်ပျက်စာရင်းတင်သွင်းကြေညာ၍ သက်ဆိုင်ရာဘဏ္ဍာနှစ်အတွက် လိုင်စင်ဆွဲဝယ်ခွင့်ပိတ်ပင်ခံထားရသူများ၊၎င်းနှင့်အတူနေ အိမ်ထောင်စုစာရင်းဝင်ပုဂ္ဂိုလ်များ၊သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း လိုင်စင်ပိတ်သိမ်းခံထားရသူများ၊

(ခ) လိုင်စင်ရောင်းချချိန်တွင် လိုင်စင်အရစ်ကျနှင့်ရက်လွန်ဒဏ်ကြေးပေးဆောင်ရန်နှင့်အခြားအခွန်၊အခ၊အကောက်ကြွေးကျန်ရှိသူများ၊

(ဂ) စည်းကမ်းပါသတ်မှတ်ချက်အရ တင်ပြရမည့်စာရွက်စာတမ်းအထောက်အထားများ ပြည့်စုံစွာတင်ပြနိုင်ခြင်းမရှိသူများ၊

၄။ အရပ်ရပ်အခွင့်အရေးလိုင်စင် လေလံဝင်ရောက်ဆွဲဝယ်ရာတွင်အညီအမျှခွဲဝေချထားပေးခြင်းစနစ်/သက်တမ်းတိုးစနစ်/ဈေးပြိုင်စနစ်ဖြင့်လေလံအောင်မြင်စွာဆွဲဝယ်ရရှိပါက ပေးသွင်းရမည့်လေလံကြေး (၅)ပုံ(၁)ပုံ(သို့မဟုတ်)(၂)ပုံ(၁)ပုံ(တိုင်းဒေသကြီးပြင်ပ)အကြေပေးသွင်းရန် သတ်မှတ်သည့်လိုင်စင်ကြေးငွေအား (၇. ၄. ၂၀၂၃)ရက်နေ့ နောက်ဆုံးထားပေးသွင်းရမည်။လေလံအောင်မြင်သူများ၏ လေလံကြေးငွေ(၁၀)ပုံ(၁)ပုံအာမခံငွေအား လေလံအောင်မြင်စွာဆွဲဝယ်ရရှိပြီးသည်နှင့်တစ်ပြိုင်တည်း စားပွဲတင်အာမခံငွေအဖြစ်တင်သွင်းထားသည့် ငွေထုတ်ယူခွင့်အမိန့် (POP) မှခုနှိမ်ပေးသွင်းနိုင်ပြီး လေလံအောင်မြင်သူများသည် မရွှေ့မပြောင်းနိုင်သောပစ္စည်း အာမခံတင်သွင်းပါက မိမိဆွဲဝယ်ရရှိသော လိုင်စင်တန်ဘိုး၏ (၅)ပုံ(၁)ပုံနှင့်ညီမျှသည့်ငွေသား (သို့မဟုတ်)ငွေစုစာအုပ်ကို တင်ပြရမည်။မည်သည့်လိုင်စင်စီကိုမဆို မရွှေ့မပြောင်းနိုင်သော ပစ္စည်းအာမခံတင်သွင်းခြင်းမပြုပါက မိမိဆွဲဝယ်ရရှိသော လိုင်စင်တန်ဘိုးနှင့်ညီမျှသော ငွေသား (သို့မဟုတ်)

ငွေစုစာအုပ်ကို တင်ပြရမည်။လေလံမအောင်မြင်သူများ၏ စားပွဲတင်အာမခံငွေများကို လေလံပွဲပြီးဆုံးပြီး(၁၀) ရက်အကြာမှ ပြန်လည်ထုတ်ပေးမည်ဖြစ်သည်။

၅။ လိုင်စင်ဆွဲဝယ်ခွင့်လျှောက်လွှာများအား သတ်မှတ်ချိန်ထက်နောက်ကျတင်သွင်းခြင်းနှင့်သတ်မှတ်ထားသည့် အချက်အလက်များ ပြည့်စုံမှန်ကန်မှုမရှိပါက လေလံရောင်းချရေးအဖွဲ့မှ လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ လိုင်စင်ဆွဲဝယ်စဉ်အတွင်း လေလံဈေးနှုန်းမြင့်တက်လာပါ၍ လိုအပ်သည့်စားပွဲတင်အာမခံငွေကို ထပ်မံပေးသွင်းရန် လေလံရောင်းချရေးအဖွဲ့က ထပ်မံညွှန်ကြားလာပါက လိုအပ်သောငွေကိုငွေသားဖြင့်ထပ်မံတင်သွင်းရမည်။တင်သွင်းနိုင်ခြင်းမရှိပါက လေလံဆွဲဝယ်ခွင့်ပယ်ဖျက်ခြင်းခံရမည့်အပြင် တင်သွင်းထားသည့် စားပွဲတင်အာမခံငွေကို သိမ်းယူခြင်းခံရမည်။

၇။ အခွင့်အရေးလိုင်စင်များ တစ်ခုခြင်းရောင်းချခြင်းကို လိုင်စင်ဆွဲဝယ်ခွင့်လျှောက်ထားသူအမည်စာရင်းတင်သွင်းသူကိုယ်တိုင်ဆွဲဝယ်ရမည်။မည်သည့်အကြောင်းပြချက်နှင့်မျှကိုယ်စားလှယ်လွှဲစာ (Special Power) ဖြင့် ဆွဲဝယ်ခွင့်ပြုမည်မဟုတ်ပါ။အမှန်တကယ်ဆွဲဝယ်လုပ်ကိုင်မည့်သူများအား ထိခိုက်နစ်နာစေရန် ရည်ရွယ်၍ ဝင်ရောက်ဆွဲဝယ်ခြင်းကိုမူ ခွင့်ပြုမည်မဟုတ်သည့်အပြင်တွေ့ရှိက တာဝန်ဝတ္တရားရှောင့်ယှက်မှုဖြင့် အရေးယူခြင်းခံရမည်။

၈။ အရပ်ရပ်အခွင့်အရေးလိုင်စင်ရောင်းချရေးအဖွဲ့သည် မည်သည့်အခွင့်အရေးလိုင်စင်များကိုမဆို အဖွဲ့ဝင်ငွေတိုးတက်ရရှိရေးအတွက် တစ်ပေါင်းတည်းစု၍ဖြစ်စေ၊တစ်ခုချင်းခွဲ၍ဖြစ်စေ ရောင်းချနိုင်သည်။

၉။ လိုင်စင်ဆွဲဝယ်ခွင့်လျှောက်လွှာတင်သွင်းပြီးနောက် လေလံယှဉ်ပြိုင်ရန်အတွက် လေလံခန်းမအတွင်း ဝင်ရောက်ခြင်းမရှိသူများအားလည်းကောင်း၊လေလံခန်းမတွင် လိုင်စင်တစ်ခုချင်းစီအား (၃)ကြိမ်ထက်မနည်း ယှဉ်ပြိုင်မှုမရှိပါကလည်းကောင်း၊တင်သွင်းထားသော စားပွဲတင်အာမခံငွေကိုအဖွဲ့ပိုင်အဖြစ်သိမ်းယူပြီး အမည်ပျက်စာရင်းတင်သွင်းမည်။သို့ရာတွင် (၃)ကြိမ်အထိ ယှဉ်ပြိုင်ဆွဲဝယ်မည့်လိုင်စင်ကြေးသည်ကြမ်းခင်းဈေး၏ (၅၀%)နှင့်အထက်မြင့်တက်ပါက (၃)ကြိမ်အထိ ယှဉ်ပြိုင်ဆွဲဝယ်ခြင်းကို ကင်းလွတ်ခွင့်ပြုမည်။

၁၀။ လိုင်စင်ဆွဲဝယ်နေစဉ်အတွင်း ပန်းကြေးရယူကြောင်း ထင်မြင်ယူဆပါက လေလံရောင်းချရေးအဖွဲ့အနေဖြင့် လိုင်စင်ရောင်းချခြင်းအား ပယ်ဖျက်ပြီးနောက်တစ်ကြိမ်ပြန်လည်ရောင်းချသွားမည်။ယင်းသို့ ဆောင်ရွက်ချက်ကို လေလံအမှုတွဲတွင် မှတ်တမ်းတင်ထားရှိရမည်။

၁၁။ လေလံယှဉ်ပြိုင်ရာတွင် ပန်းကြေးရယူတောင်းခံကြောင်းတိကျစွာဖော်ထုတ်ရရှိပါက ပန်းကြေးပေးသူနှင့်ပန်းကြေးရယူသူနှစ်ဦးစလုံးအား လေလံဆွဲဝယ်ခွင့်ကို ရုတ်သိမ်းပြီး ၎င်းတို့အား နာမည်ပျက်စာရင်းတင်သွင်းကြေညာမည်။လေလံချထားပြီးဖြစ်ပါက လေလံကို ပြန်လည်ရုတ်သိမ်း၍ အသစ်တစ်ဖန်ပြန်လည်ရောင်းချမည်။

၁၂။ လိုင်စင်ဆွဲဝယ်လုပ်ကိုင်ခွင့်ရရှိသူသည် လိုင်စင်ကြေးငွေသိန်း(၂၀)နှင့်အောက်ဖြစ်ပါက လေလံကြေးငွေအား တစ်ကြိမ်တည်း အပြေအကြေပေးသွင်းရမည်။

၁၃။ အရပ်ရပ်အခွင့်အရေးလိုင်စင်ဆွဲဝယ်လိုသူများသည် ဆွဲဝယ်လိုသော လိုင်စင်အတွက် အဖွဲ့မှသတ်မှတ်ပေးထားသည့် လျှောက်လွှာပုံစံ(၁)စောင်စီကို အပိုဒ်(၁)ပါသတ်မှတ်ရက်(၁)ရက်စော၍ ရုံးချိန်အတွင်း

နောက်ဆုံးထားလျှောက်ထားပြီးဆွဲဝယ်ခွင့်မှတ်ပုံတင်ရမည်။လျှောက်လွှာတင်သွင်းရမည့်နေ့ရက်၊အချိန်ထက် ကျော်လွန်၍ လျှောက်လွှာတင်ခြင်းကို သာမန်အားဖြင့် လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၄။ အရပ်ရပ်အခွင့်အရေးလိုင်စင်ရောင်းချသည့်နေ့တွင် မပြီးပြတ်ဘဲကျန်နေပါက နောက်တစ်ကြိမ်တွင်ဆက်လက်လေလံရောင်းချမည်ဖြစ်သည်။

၁၅။ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ်အတွက်အရပ်ရပ်အခွင့်အရေးလိုင်စင်များလေလံတင်ရောင်းချခြင်းနှင့်စပ်လျဉ်း၍ အသေးစိတ်သိလိုသည့်အချက်အလက်များအား သဲကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ဖုန်းနံပါတ် (၀၅၃-၆၂၀၃၀)အား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်သည်။

အမှုဆောင်အရာရှိ
(အေးကျော်၊လက်ထောက်ညွှန်ကြားရေးမှူး)

စာအမှတ်၊ ၀၁ / ဃ-၂ / သက-၁ (၀၀၁)
ရက်စွဲ ၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၂ ရက်

ဖြန့်ဝေခြင်း

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စည်ပင်သာယာရေးအဖွဲ့များအားလုံး
ဌာနဆိုင်ရာများအားလုံး
ဥက္ကဋ္ဌ ၊---------------------------ရပ်ကွက် (ကျေးရွာအုပ်စု)
လိုင်စင်စီများအားလုံး
ဈေးတာဝန်ခံများအားလုံး (ကြော်ငြာသင်ပုန်းတွင်ကြော်ငြာရန်)

မိတ္တူကို

ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ ပဲခူးမြို့
ဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ၊ နတ်တလင်း ခရိုင်၊ ပြည်မြို့
ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ၊ သဲကုန်းမြို့
သက်ဆိုင်ရာလေလံအမှုတွဲ
လက်ခံစာတွဲ
မျှောစာတွဲ

## သဲကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ၂၀၂၃-၂၀၂၄ခု ဘဏ္ဍာရေးနှစ် အတွက် အညီအမျှခွဲဝေ ချထားပေးခြင်းစနစ်ဖြင့်လေလံရောင်းချမည့်

## သားသတ်အခွင့်အရေးလိုင်စင်များစာရင်း

| စဉ် | လိုင်စင်အမည် | ကြမ်းခင်းဈေး(ကျပ်) | တင်သွင်းရမည့်စားပွဲတင် အာမခံငွေ(ကျပ်) | မှတ်ချက် |
|---|---|---|---|---|
| | **သားသတ်လိုင်စင်များ** | | | |
| ၁ | သဲကုန်းဆိတ် | ၅၅၀၀၀၀/- | ၂၇၅၀၀၀/- | |
| ၂ | အင်းဆိတ် | ၂၂၁၁၀၀၀/- | ၁၁၀၅၅၀၀/- | |
| ၃ | သဲကုန်းဝက် | ၄၉၅၀၀၀၀/- | ၂၄၇၅၀၀၀/- | |
| ၄ | ပုတီးကုန်းဝက် | ၆၀၅၀၀၀၀/- | ၃၀၂၅၀၀၀/- | |
| ၅ | အင်းမဝက် | ၅၇၈၆၀၀၀/- | ၂၈၉၃၀၀၀/- | |
| ၆ | ဝက်ပုတ်ဝက် | ၃၁၉၀၀၀၀/- | ၁၅၉၅၀၀၀/- | |
| ၇ | ဆင်မြီးဆွဲ | ၅၁၇၀၀၀၀/- | ၂၅၈၅၀၀၀/- | |
| ၈ | သဲကုန်းအမဲ | ၆၇၉၃၀၀၀/- | ၃၃၉၇၀၀၀/- | |
| ၉ | ပုတီးကုန်းအမဲ | ၆၇၁၀၀၀၀/- | ၃၃၅၅၀၀၀/- | |
| ၁၀ | အင်းမအမဲ | ၁၉၁၄၀၀၀၀/- | ၉၅၇၀၀၀၀/- | |
| ၁၁ | ဝက်ပုတ်အမဲ | ၅၈၇၄၀၀၀/- | ၂၉၃၇၀၀၀/- | |
| ၁၂ | ဆင်မြီးဆွဲအမဲ | ၂၉၇၀၀၀၀/- | ၁၄၈၅၀၀၀/- | |

သဲကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အတွက် ဈေးပြိုင်စနစ်ဖြင့်ရောင်းချမည့်

အခြားအခွင့်အရေးလိုင်စင်များစာရင်း

| စဉ် | လိုင်စင်အမည် | ကြမ်းခင်းဈေး(ကျပ်) | တင်သွင်းရမည့်စားပွဲတင်အာမခံငွေ(ကျပ်) | မှတ်ချက် |
|---|---|---|---|---|
| | **ဈေးကောက်လိုင်စင်များ** | | | |
| ၁ | သဲကုန်းမြို့မဈေးကောက် | ၄၇၃၀၀၀၀ | ၂၃၆၅၀၀၀ | |
| ၂ | ပုတီးကုန်းမြို့မဈေးကောက် | ၉၅၁၅၀၀၀ | ၄၇၅၈၀၀၀ | |
| ၃ | အင်းမမြို့မဈေးကောက် | ၁၀၇၈၀၀၀၀ | ၅၃၉၀၀၀၀ | |
| ၄ | ဝက်ပုတ်မြို့မဈေးကောက် | ၁၁၅၅၀၀၀ | ၅၇၇၅၀၀ | |
| ၅ | ဆင်မြီးဆွဲမြို့မဈေးကောက် | ၇၆၈၀၀၀၀ | ၃၈၄၀၀၀၀ | |
| | | | | |
| | **အခြားလိုင်စင်များ** | | | |
| ၁ | သဲကုန်းဈေးစက်ဘီးအပ် | ၁၄၃၀၀၀၀ | ၇၁၅၀၀၀ | |
| ၂ | ပုတီးကုန်းဈေးစက်ဘီးအပ် | ၁၀၄၅၀၀၀ | ၅၂၂၅၀၀ | |
| ၃ | အင်းမဈေးစက်ဘီးအပ် | ၂၆၄၀၀၀၀ | ၁၃၂၀၀၀၀ | |
| ၄ | သဲကုန်းဈေးအိမ်သာ | ၁၁၀၀၀၀ | ၅၅၀၀၀ | |
| ၅ | အင်းမနွားပွဲဈေး | ၅၈၃၀၀၀၀ | ၂၉၁၅၀၀၀ | |
| ၆ | အင်းမနွားပွဲဈေးစက်ဘီးအပ် | ၆၂၂၀၀၀ | ၃၁၁၀၀၀ | |
| ၇ | အင်းမရပ်နားခွန် | ၄၄၀၀၀၀ | ၂၂၀၀၀၀ | |
| | | | | |

သဲကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့

၂၀၂၃-၂၀၂၄ခု ဘဏ္ဍာရေးနှစ် အတွက် သက်တမ်းတိုးစနစ်ဖြင့်ရောင်းချမည့်

အပေါင်ဆိုင်လိုင်စင်များစာရင်း

| စဉ် | လိုင်စင်အမည် | ကြမ်းခင်းဈေး(ကျပ်) | တင်သွင်းရမည့်စားပွဲတင်အာမခံငွေ(ကျပ်) | မှတ်ချက် |
|---|---|---|---|---|
| | **အပေါင်ဆိုင်လိုင်စင်များ** | | | |
| ၁ | သဲကုန်းအပေါင်ဆိုင်(၂) | ၂၄၂၀၀၀ | ၁၂၁၀၀၀ | |
| ၂ | ပုတီးကုန်းအပေါင်ဆိုင်(၁) | ၃၅၀၀၀၀ | ၁၇၅၀၀၀ | |
| ၃ | ပုတီးကုန်းအပေါင်ဆိုင်(၂) | ၃၅၀၀၀၀ | ၁၇၅၀၀၀ | |
| ၄ | ဝက်ပုတ်အပေါင်ဆိုင်(၁) | ၆၈၀၀၀၀ | ၃၄၀၀၀၀ | |
| ၅ | ဝက်ပုတ်အပေါင်ဆိုင်(၂) | ၆၈၀၀၀၀ | ၃၄၀၀၀၀ | |
| ၆ | အင်းမအပေါင်ဆိုင်(၁) | ၆၃၀၀၀၀ | ၃၁၅၀၀၀ | |
| ၇ | အင်းမအပေါင်ဆိုင်(၂) | ၆၃၀၀၀၀ | ၃၁၅၀၀၀ | |
| ၈ | အင်းမအပေါင်ဆိုင်(၃) | ၅၂၅၀၀၀ | ၂၆၂၅၀၀ | |
| | | | | |
| | | | | |
| | | | | |
| | | | | |

သဲကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့

၂၀၂၃-၂၀၂၄ခု ဘဏ္ဍာရေးနှစ် အတွက် သက်တမ်းတိုးစနစ်ဖြင့်ရောင်းချမည့်

မြို့နယ်ဝင်ကြေးဘီးကောက်လိုင်စင်စာရင်း

| စဉ် | လိုင်စင်အမည် | ကြမ်းခင်းဈေး(ကျပ်) | တင်သွင်းရမည့်စားပွဲတင်အာမခံငွေ(ကျပ်) | မှတ်ချက် |
|---|---|---|---|---|
| | **မြို့နယ်ဝင်ကြေးဘီးကောက်** | | | |
| ၁ | မြို့နယ်ဝင်ကြေးဘီးကောက်လိုင်စင် | ၇၈၄၇၄၀၀၀ | ၃၉၂၃၇၀၀၀ | |
| | | | | |
| | | | | |
| | | | | |
| | | | | |